# လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်မှ (၃၁) ရက်နေ့ထိ)




## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်မှ (၃၁)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

ဒီဇင်ဘာ (၂၂)ရက်မှ (၃၁)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေကြောင်း အသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်မှ ပြည်သူ (၇)ဦးကို စစ်အာဏာရှင်တပ်သားများက မီးရှို့သတ်ဖြတ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ထောင်နှင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ထောင်တို့မှ ဖမ်းဆီးညှင်းပန်းနှိပ်စက်ခံရသော နိုင်ငံရေးအကျဉ်းသား (၂)ဦးသည် လုံလောက်သော ဆေးကုသခွင့် မရရှိခဲ့သောကြောင့် သေဆုံးခဲ့ရသည်။

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၅၀)ဦးကျော် သေဆုံးခဲ့ပြီး (၅၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သူ (၁၀)ဦးကျော် ဒဏ်ရာရရှိခဲ့ပြီး (၁၀)ဦးကျော် သေဆုံးခဲ့ရသည်။ စစ်အာဏာရှင်တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၁)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းမှ တံတားတစ်စင်းနှင့် လမ်းတစ်ခုကို စစ်အာဏာရှင်တပ်သားများက ဖျက်ဆီးခဲ့သည်။




2/2

2023 Dec 22 to 31(MM)
Infogram

JANUARY 3, 2024